## သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၁၅။ နို့တိုက်သတ္တဝါများ

### ပထမပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "ရ"ဗျည်းကို အရစ်အဆွဲမှန်စွာဖြင့်အစက်ချထားသော အက္ခရာပေါ်တွင် ရေးခြင်း<br>- ဗျည်း(၃၃)လုံးကို အသံနှင့်အမည် ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်) | - စကားနည်း၍ အလုပ်လုပ်သော ပင့်ကူကလေး ပုံပြင်ပါရုပ်ပုံများကိုကြည့်၍ ထင်မြင်ချက်ကို ပြောစေခြင်း<br>- "ဗ"ဗျည်းကို လေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာ ရေးခြင်း (ပြောဆိုဆက်သွယ်) | - "ရ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း<br>- ဖုံးထားသော ဗျည်းအက္ခရာကို ဖော်ထုတ်ကစားခြင်း (ပြောဆိုဆက်သွယ်) | - "န"ဗျည်းကဗျာ ရွတ်ဆိုခြင်း<br>- "န"ဗျည်းကို အရစ်အဆွဲ မှန်စွာဖြင့်အစက်ချထားသော အက္ခရာပေါ်တွင် ရေးစေခြင်း<br>- "န"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင် အရစ်အဆွဲမှန်စွာရေးခြင်း (ပြောဆိုဆက်သွယ်) | - "ကျောင်းနေစ" ကဗျာ ရွတ်ဆိုခြင်း<br>- "ဇ" ဗျည်းကို အရစ်အဆွဲမှန်စွာဖြင့်အစက်ချထားသော အက္ခရာပေါ်တွင် ရေးစေခြင်း<br>- "ဇ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာ ရေးခြင်း (ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - အင်္ဂလိပ်ကိန်း "8"ကိုရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း "8"ကို ရွေးခြင်း<br>- အင်္ဂလိပ်ကိန်း "8"ကိုအစက်များပေါ်တွင် ရေးခြင်း<br>- အင်္ဂလိပ်ကိန်း"8"ကို လေးကြောင်းမျဉ်းတွင်ရေးခြင်း (ပြောဆိုဆက်သွယ်) | - အင်္ဂလိပ်ကိန်း "9"ကိုရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း "9"ကို ရွေးခြင်း<br>- အင်္ဂလိပ်ကိန်း "9"ကို အစက်များပေါ်တွင် ရေးခြင်း<br>- အင်္ဂလိပ်ကိန်း "9"ကို လေးကြောင်းမျဉ်းတွင် ရေးခြင်း (ပြောဆိုဆက်သွယ်) | - အင်္ဂလိပ်ကိန်း "10"ကိုရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း "10"ကို ရွေးခြင်း<br>- အင်္ဂလိပ်ကိန်း "10"ကို အစက်များပေါ်တွင် ရေးခြင်း<br>- အင်္ဂလိပ်ကိန်း" 10"ကို လေးကြောင်းမျဉ်းတွင် ရေးခြင်း (ပြောဆိုဆက်သွယ်) | - "One-two" ကဗျာကို ရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း "1 မှ 5"ကို လေးကြောင်းမျဉ်းတွင်ရေးခြင်း (ပြောဆိုဆက်သွယ်) | - အင်္ဂလိပ်ကိန်း "1မှ10"ကိုအသံထွက်မှန်ကန်စွာဖြင့် ရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း "6မှ10"ကို လေးကြောင်းမျဉ်းတွင် ရေးခြင်း (ပြောဆိုဆက်သွယ်) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၁၅-<br>၁၁း၄၅ | - ပတ်ဝန်းကျင်တွင်တွေ့ရှိရသော သတ္တဝါများကို ပြောပြစေခြင်း<br>- နို့တိုက်သတ္တဝါ ရုပ်ပုံပြ၍မေး ဖြေပြုလုပ်ခြင်း (စာရိတ္တ၊ မိတ္တ) | - ကိုယ်လက်လှုပ်ရှားကဗျာကိုရွတ်ဆို၍အမေး အဖြေပြုလုပ်ခြင်း<br>- ပစ္စည်း၊လူများကို အရှည်၊ အတို နှိုင်းယှဉ်ခြင်း<br>- လူရှည်ကြီးလို လျှောက် ကဗျာ ရွတ်ဆိုခြင်း (သင်္ချာ) | - ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို တူ၊ မတူ ကိုပုံပြ၍ မေး၊ ဖြေပြုလုပ်ခြင်း (စာရိတ္တ၊ မိတ္တ) | - နို့တိုက်သတ္တဝါ တစ်ကောင်၏ အသံနှင့်သွားလာလှုပ်ရှားပုံကို မေးမြန်း၍လက်တွေ့ ပြုလုပ်ခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - မတူညီသော ဘူး (၂)ခု၏ အကျဉ်း အကျယ်ကို ခန့်မှန်းခြင်း၊ နှိုင်းယှဉ်ခြင်း<br>- ၎င်းဘူး(၂)ခုထဲသို့ပစ္စည်းတစ်ခု ကိုထည့်၍ ရ/မရ ခန့်မှန်းခြင်း လက်တွေ့ ထည့်ခိုင်းခြင်း<br>- စာသင်ခန်းရှိ ပစ္စည်းများအား တိုင်းတာ၍ အကျဉ်း အကျယ်ခွဲခြင်း<br>- အကျဉ်းအကျယ် ကဗျာရွတ်ဆိုခြင်း (သင်္ချာ) |
| ၁၁း၄၅-<br>၁၂း၁၅ | - နို့တိုက်သတ္တဝါ (၅)မျိုးခန့်ကို အမေးအဖြေပြုလုပ်ခြင်း<br>- ရုပ်ပုံမှ နို့တိုက်သတ္တဝါများကို ရွေးချယ်ခြင်း<br>- ပတ်ဝန်းကျင်ရှိ နို့တိုက်သတ္တဝါ(၁) မျိုးကိုကြည့်ရှု လေ့လာရန် မှာကြားခြင်း (စာရိတ္တ၊ မိတ္တ) | - လေ့လာခဲ့သော နို့တိုက် သတ္တဝါ များကိုနှစ်ယောက်တစ်တွဲပြောခြင်း၊ အတန်းသို့ ပြောခြင်း<br>- ရုပ်ပုံပြ၍နို့တိုက် သတ္တဝါ၏ ကိုယ်ခန္ဓာပြင်ပ အစိတ်အပိုင်းများ ကိုပြောခြင်း (စာရိတ္တ၊ မိတ္တ) | - အတို၊ အရှည် မတူသော ခဲတံ (၂)ချောင်းကိုခန့်မှန်းပြောစေခြင်း<br>- အတိုအရှည်ကို ခွဲခြားခြင်း၊ နှိုင်းယှဉ်ခြင်း<br>- စာသင်ခန်း အတွင်းရှိ ပစ္စည်းများအား တိုင်းတာခြင်း (သင်္ချာ) | - ဖြူဖွေးလှတဲ့ယုန် ကဗျာရွတ်ဆိုခြင်း၊ အမေးအဖြေ ပြုလုပ်ခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - အသံနှင့်သွားလာလှုပ်ရှားပုံ ကိုမော်ဆရာကြီး ကစားနည်းဖြင့် သရုပ်ဖော်ခြင်း (ကိုယ်စိတ်နှစ်ဖြာ) |

DRE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၃း၃၀-၁၄း၀၀ | - ဆင်၊ မျောက်၊ ယုန် ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - နှစ်သက်ရာနို့တိုက်သတ္တဝါတစ်ကောင်ကိုပုံဆွဲဆေးခြယ်ခြင်း (အနုပညာရသ) | - စက္ကူခွေးရုပ်ခေါက်ခြင်း ဆေးခြယ်ခြင်း (အနုပညာရသ) | - ဖြူဖွေးလှတဲ့ယုန် ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - နှစ်သက်ရာ နို့တိုက်သတ္တဝါ တစ်ကောင်ကို စိတ်ကူးဖြင့် ပုံဆွဲဆေးခြယ်ခြင်း (အနုပညာရသ) |

DBE BOX

## သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၁၅။ နို့တိုက်သတ္တဝါများ

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "ဒ"ဗျည်းကို အသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "ဒ"ဗျည်းကို အရစ်အဆွဲ မှန်စွာဖြင့် အစက်ချထားသောအက္ခရာပေါ်တွင် ရေးစေခြင်း<br>- စကားနည်း၍ အလုပ်လုပ်သော ပင့်ကူကလေးပုံပြင်ကို ဆရာက ဖတ်ပြခြင်း (ပြောဆိုဆက်သွယ်) | - "ဒ"ဗျည်းကိုလေးကြောင်းမျဉ်းပေ ၊ တွင်အရစ်အဆွဲ မှန်စွာ ရေးခြင်း<br>- စကားနည်း၍ အလုပ်လုပ်သောပင့်ကူကလေး ပုံပြင်ကို ဆရာက ဖတ်ပြခြင်း<br>- ဖုံးထားသော အက္ခရာများကို ဖော်ထုတ်ကစားခြင်း (ပြောဆိုဆက်သွယ်) | - "အ"ဗျည်းကို အသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "အ"ဗျည်းကို အရစ်အဆွဲ မှန်စွာဖြင့် အစက်ချထားသော အက္ခရာ ပေါ်တွင် ရေးစေခြင်း<br>- "ညောင်ဝေါင်ညောင်ဝေါင်" ကဗျာကို ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်) | - "ည"ဗျည်းကို အသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "ည"ဗျည်းကို အရစ် အဆွဲမှန်စွာဖြင့်အစက်ချထားသော အက္ခရာပေါ်တွင် ရေးခြင်း<br>- စကားနည်း၍ အလုပ်လုပ်သော ပင့်ကူကလေး ပုံပြင်ကို ဆရာနှင့်အတူ ဖတ်ခြင်း (ပြောဆိုဆက်သွယ်) | - ဗျည်း ၃၃ လုံး ကို အသံနှင့် အမည်ရွတ်ဆိုခြင်း ကျပန်းထောက်၍ မေး ခြင်း<br>- "အ"နှင့်"ည" ဗျည်းကို လေးကြောင်းမျဉ်းပေါ်တွင် အရစ်အဆွဲ မှန်စွာရေးခြင်း<br>- "ညောင်ဝေါင်ညောင်ဝေါင်" ကဗျာကို ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "ABCD" သီချင်းသီဆိုခြင်း<br>- "AtoZ" အက္ခရာများကို လေးကြောင်း မျဉ်းတွင် ရေးခြင်း (ပြောဆိုဆက်သွယ်) | - "A to Z" အက္ခရာများကို လေးကြောင်း မျဉ်းတွင် ရေးဆွဲခြင်း<br>- အက္ခရာများကို ငါးမျှား ကစားခြင်း (ပြောဆိုဆက်သွယ်) | - အင်္ဂလိပ်ကိန်း "1မှ10"ကို တစ်ပတ် ပတ်ပြေး ကစားခြင်း အင်္ဂလိပ်ကိန်း "1မှ10"ကိုလေးကြောင်းမျဉ်းတွင် ရေးခြင်း (ပြောဆိုဆက်သွယ်) | - "One-two" ကဗျာကို ရွတ်ဆိုခြင်း<br>- အင်္ဂလိပ်ကိန်း "1မှ10" ကို လေးကြောင်း မျဉ်းတွင် ရေးခြင်း (ပြောဆိုဆက်သွယ်) | - "ABCD" အက္ခရာကို ဘင်ဂိုကစား ခြင်း<br>- "A to Z"အက္ခရာများ ကိုလေးကြောင်း မျဉ်းတွင် ရေးဆွဲခြင်း (ပြောဆိုဆက်သွယ်) |

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁:၁၅ - ၁၁:၄၅ | - နို့တိုက်သတ္တဝါ စားသောအစားအစာများကို အမေးအဖြေပြုလုပ်ခြင်း<br>- သတ္တဝါနှင့် အစားအစာ ကစားခြင်း (ပတ်ဝန်းကျင်လောက) | -နို့တိုက်သတ္တဝါ အသုံးဝင်ပုံ ကဗျာဖြင့် သရုပ်ဖော်ခြင်း<br>- ပဲပဲသိုးမည်း ကဗျာအမေးအဖြေပြုလုပ်ခြင်း (ပတ်ဝန်းကျင် လောက) | - အလေးအပေါ့မတူသော ပစ္စည်း(၃)ခုကိုပြ၍ အလေးဆုံး၊အပေါ့ဆုံးကို ကလေးများအား ခန့်မှန်းပြောစေခြင်း<br>- ကလေးများ ကိုယ်တိုင် ၎င်းပစ္စည်း(၃)ခုကို ကိုင်တွယ်၍အပေါ့ဆုံးကိုနှိုင်းယှဉ်ပြောခြင်း<br>- စာသင်ခန်းအတွင်းရှိ ပစ္စည်း (၃)ခုကိုယူ၍ အလေးဆုံးအပေါ့ဆုံးကို ပြောစေခြင်း (သင်္ချာ) | - နို့တိုက်သတ္တဝါ အကြောင်း ပဟေဠိဝှက် ကစားခြင်း (ပတ်ဝန်းကျင် လောက) | -လုပ်သင့်မလုပ်သင့်သောအပြုအမူများ ကစားခြင်း (ပတ်ဝန်းကျင် လောက) |
| ၁၁:၄၅ - ၁၂:၁၅ | - အလေး၊အပေါ့ မတူသောပစ္စည်းနှစ်ခုအား ပြ၍ ခန့်မှန်းခြင်း၊၎င်းပစ္စည်းနှစ်ခုကို ကလေးများ ကိုယ်တိုင် ကိုင်တွယ်၍ အလေးအပေါ့ကို နှိုင်းယှဉ်ခြင်း<br>- စာသင်ခန်းထဲရှိ ပစ္စည်းနှစ်ခုကို ကလေးများ ကိုယ်တိုင် ရွေးချယ်၍ လေးသည်၊ ပေါ့သည်ကို ပြောစေခြင်း (သင်္ချာ) | - နို့တိုက်သတ္တဝါ မှရရှိသော အစားအစာ၊ အသုံးအဆောင် အသုံးဝင်ပုံကို နမူနာ တစ်ကောင်ဖြင့်ဖော်ထုတ်ခြင်း (ပတ်ဝန်းကျင် လောက) | - နို့တိုက်သတ္တဝါ၏ နေထိုင်ရာ နေရာများကိုအမေးအဖြေပြုလုပ်ခြင်း ကစားခြင်း (ပတ်ဝန်းကျင်လောက) | - နို့တိုက်သတ္တဝါ များ၏ တန်ဖိုးထားမှု အကြောင်းကို ဖြစ်ရပ်ပြော၍ ဆွေးနွေးခြင်း (ပတ်ဝန်းကျင် လောက) | - မတူညီသော ပုလင်း (သို့) ခွက်နှစ်ခုတွင် ထည့်ထားသော ရေအနည်း/အများကို ခန့်မှန်းစေခြင်း<br>- အထက်ပါ ပုလင်း (သို့) ခွက်များမှ ရေကိုအခြား ခွက်တစ်ခုဖြင့် တိုင်းတာ၍ အနည်းအများ ကိုသိစေခြင်း (သင်္ချာ) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၃း၃၀-၁၄း၀၀ | -နို့တိုက်သတ္တဝါများ၏ အစားအစာများကို ပုံဆွဲဆေးခြယ်ခြင်း (အနုပညာရသ) | - မြင်းကြီးစီးမယ် ကဗျာ သီဆိုခြင်း (အနုပညာရသ) | - နို့တိုက်သတ္တဝါများ၏ အသုံးအဆောင်ကို နှစ်သက်သလို ပုံဆွဲဆေးခြယ်ခြင်း (အနုပညာရသ) | - ရှာငယ်ဇနပုဒ်ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | -သင်ခန်းစာအစမှအဆုံးထိဆွဲထားသော ရုပ်ပုံများကိုစုစည်း၍ပုံပြင်ဖန်တီးပြောခြင်း (အနုပညာရသ) |

DBE BOX

# နို့တိုက်သတ္တဝါများ

**ပထမပတ်**

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ရ"ဗျည်းကိုအရစ်အဆွဲမှန်စွာရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**"ရ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၃၀)**

- ယခင်သင်ပြီးသော ဗျည်းအက္ခရာများကို အရစ်အဆွဲမှန်စွာ အစက်ချထားသော အက္ခရာပေါ်တွင်ရေးခြင်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများ၏ အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဗျည်း (၃၃)လုံးကိုအသံနှင့်အမည်ရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်သင်ပြီးသည့်ဗျည်းအက္ခရာအသံနှင့်အမည်ရွတ်ဆိုခြင်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း ၀ ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း ၀ ကို ရွတ်ဆိုခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွတ်ဆိုနည်းတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း ၀ ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း ၀ ကို ရွေးချယ်ခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွေးချယ်နည်းအတိုင်း ရွေးချယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း ၀ ကိုအစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း ၀ ကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင် ထပ်ရေးနည်းအတိုင်း ထပ်ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း ၀ ကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း ၀ ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိပတ်ဝန်းကျင်ရှိ နို့တိုက်သတ္တဝါများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အမေး၊ အဖြေပြုလုပ်ခြင်း (၅ မိနစ်)**

- အောက်ပါမေးခွန်းကိုသုံး၍ ဆရာက တစ်တန်းလုံးနှင့်ဆွေးနွေးပါ။
- မိမိပတ်ဝန်းကျင်တွင်တွေ့ရသော သတ္တဝါများကို ပြောပြပါ။
- ဆရာက သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။

**ရုပ်ပုံပြ၍ဆွေးနွေးခြင်း (၂၅ မိနစ်)**

- နို့တိုက်သတ္တဝါအမေက ကလေးကိုနို့တိုက်နေသောရုပ်ပုံကိုပြ၍ အောက်ပါမေးခွန်းများဖြင့်မေး၊ဖြေပြုလုပ်ပါစေ။ (သတ္တဝါတစ်မျိုးမျိုး သားအမိနို့တိုက်နေသောရုပ်ပုံ၊ ဓာတ်ပုံကို ဆရာကရှာ၍ပြသရန်။)
- ဒီပုံထဲမှာ ဘာတွေတွေ့ရသလဲ။
- အကောင်သေးသေးလေးတွေက ဘာလုပ်နေလဲ။
- ဒီပုံထဲကလိုပဲ ကလေးတို့သိတဲ့ နို့စို့ပြီး ကြီးတဲ့သတ္တဝါများကို ပြောပြပါ။



DBEBox

- ဆရာက နို့စို့ပြီး ကြီးပြင်းတဲ့သတ္တဝါတွေကို နို့တိုက်သတ္တဝါဟုခေါ်ကြောင်း ပြောပြပါ။
- "ကလေးတို့ရော နို့တိုက်သတ္တဝါထဲမှာပါလား" ဟုဆရာကမေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နို့တိုက်သတ္တဝါအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အမေး၊ အဖြေပြုလုပ်ခြင်း (၅ မိနစ်)**

- ဆရာက ကလေးများအား ပတ်ဝန်းကျင်ရှိ မြင်ဖူး၊ တွေ့ဖူးသော နို့တိုက်သတ္တဝါ (၅)မျိုးခန့်ကို မေးမြန်းပါ။ ကလေးများပြောသမျှကို သင်ပုန်းတွင်ရေးပါ။
- **ရုပ်ပုံများကိုရွေးချယ်ခြင်း (၂၅ မိနစ်)**
- ဆရာက ပုံတွင်မပါသော သတ္တဝါအမည်တစ်ခုကိုရွတ်ပြပါ။
- သတ္တဝါများရောနှောထားသော ရုပ်ပုံကိုကြည့်၍ နို့တိုက်သတ္တဝါများကို ရွေးချယ်ပါစေ။
- ကလေးများက နို့တိုက်သတ္တဝါဟုတ်/မဟုတ်ပြောပါစေ။
- နို့တိုက်သတ္တဝါအမျိုးမျိုးရှိကြောင်းဆွေးနွေးပါ။
- မိမိတို့ပတ်ဝန်းကျင်ရှိ ကြိုက်နှစ်သက်ရာ နို့တိုက်သတ္တဝါတစ်ကောင်ကို လေ့လာကြည့်ရှုခဲ့ရန် မှာကြားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဆင်၊ မျောက်၊ ယုန်ကဗျာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဆင်၊ မျောက်၊ ယုန်ကဗျာရွတ်ဆိုခြင်း (၃၀ မိနစ်)**

- ဆရာက ဟန်အမူအရာဖြင့်ဦးစွာ ရွတ်ဆိုပြပါ။
- ကလေးများနှင့်ဆရာအတူရွတ်ဆိုပါ။
- ကလေးအားလုံးကိုရွတ်ဆိုပါစေ။

**"ဆင်မျောက်ယုန်"**

ယုန်ကလေးအရွယ်ငယ်
ဆင်ကြီး ကြီးလှတယ်
ယုန်မျောက်ဆင်ကွယ်အကုန်လုံး
ဆင်ကြီး အကြီးဆုံး။

- ကလေးများအားအောက်ပါ မေးခွန်းများဖြင့် ဆွေးနွေးပါ။ ဆင်၊ မျောက်၊ ယုန်ကဘာသတ္တဝါတွေလဲ၊ ခြေ၊ လက် ဘယ်နှစ်ချောင်းရှိသလဲ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ရုပ်ပုံကိုကြည့်၍ ထင်မြင်ချက်ကိုပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**(ပုံပြင်)ပါရုပ်ပုံကိုကြည့်၍ ထင်မြင်ချက်ကိုပြောစေခြင်း (မိနစ် ၃၀)**

- စကားနည်း၍ အလုပ်လုပ်သော ပင့်ကူကလေး(ပုံပြင်)ပါ မျက်နှာဖုံးနှင့် အတွင်းစာမျက်နှာများရှိရုပ်ပုံများကိုပြ၍ ယခင်ပုံပြင်များတွင်သင်ခဲ့သည့်အတိုင်း ကလေးများ၏ ထင်မြင်ချက်ကို ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဗ"ဗျည်းကိုအရစ်အဆွဲမှန်စွာရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဗ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးစေခြင်း(မိနစ် ၃၀)**

- ယခင်သင်ပြီးသည့်ဗျည်းအက္ခရာများကိုရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း 9 ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 9 ကို ရွတ်ဆိုခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွတ်ဆိုနည်းတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 9 ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 9 ကို ရွေးချယ်ခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွေးချယ်နည်းအတိုင်း ရွေးချယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 9 ကိုအစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။အင်္ဂလိပ်ကိန်း 9 ကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင် ထပ်ရေးနည်းအတိုင်း ထပ်ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 9 ကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ **။အင်္ဂလိပ်ကိန်း 9 ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အရာဝတ္ထုများကို ရှည်ခြင်း၊ တိုခြင်းခွဲခြားပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။ကဗျာရွတ်ဆို၍မေးဖြေပြုလုပ်ခြင်း (၅ မိနစ်)**

- ကိုယ်လက်လှုပ်ရှားကဗျာကိုဆရာကဦးစွာဆိုပြ၍ကလေးများနှင့်အတူဆိုပါ။

**"လှုပ်လှုပ်လက်ကိုလှုပ်၊ အားလုံးလက်ကိုလှုပ်"**

ကြည့်ကြည့်လက်ကိုကြည့်၊ အားလုံး လက်ကိုကြည့်

- ဆရာမှ လက်နှစ်ချောင်းထောင်၍ အောက်ပါမေးခွန်းများကို မေးပါ။

(က) မည်သည့်လက်ချောင်းက ရှည်သနည်း။

(ခ) မည်သည့်လက်ချောင်းက တိုသနည်း။

- **နှိုင်းယှဉ်ခြင်း (၂၀ မိနစ်)**
- စာသင်ခန်းတွင်းရှိမျိုးမတူသော စာရေးကိရိယာများကို နှိုင်းယှဉ်ခြင်းဖြင့် တိုခြင်း၊ ရှည်ခြင်းကို လက်တွေ့ရှာဖွေပါစေ။ (ဥပမာ-ခဲတံနှင့်ပေတံ၊ ခဲဖျက်နှင့်ခဲတံ)
- ဆရာနှင့်ကျောင်းသားတစ်ဦး အတန်းရှေ့၌ ရပ်ပါစေ။
- မည်သူက အရပ်ပိုရှည်သနည်း။
- မည်သူက အရပ်ပိုပုသနည်းဟုမေးပါ။
- အရပ်ပုသူ၊ အရပ်ရှည်သူခွဲခြား၍ကလေးများဖြေကြားပါစေ။
- ကျောင်းသား၂ဦးစီတွဲ၍ အရပ်ပုသူ၊ရှည်သူကို အချင်းချင်းခွဲခြားပါစေ။
- **ကဗျာရွတ်ဆိုခြင်း (၅ မိနစ်)**
- "လူရှည်ကြီးလိုလျှောက်"ကဗျာကိုအမူအရာဖြင့် ရွတ်ဆိုပါစေ။

(လူရှည်ကြီးလို လျှောက်)၂

(လူရှည်ကြီးလို )၃ လျှောက်

(လူပုလေးလို လျှောက်)၂

(လူပုလေးလို)၃လျှောက်

အသေးစိတ်သင်ယူမှုရလဒ်။ ။နို့တိုက်သတ္တဝါ၏ ကိုယ်ခန္ဓာပြင်ပအစိတ်အပိုင်းများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**နှစ်ယောက်တစ်တွဲ တွဲ၍ ဆွေးနွေးခြင်း (၁၀ မိနစ်)**

- ကလေးများကိုနှစ်ယောက်တစ်တွဲတွဲပါ။
- ကလေးများလေ့လာခဲ့သော နို့တိုက်သတ္တဝါတွင်ရှိသည့် ကိုယ်ခန္ဓာပြင်ပအစိတ်အပိုင်းများကို အချင်းချင်းပြောပါစေ။

**အတန်းသို့တင်ပြခြင်း (၁၀ မိနစ်)**

- ကလေးအချင်းချင်းပြောပြီးပါက အတန်းသို့ပြန်လည်တင်ပြပါစေ။

**ရုပ်ပုံပြ၍ဆွေးနွေးခြင်း (၁၀ မိနစ်)**

- ယခင်နေ့မှရုပ်ပုံကိုပြ၍ "ဒီသတ္တဝါတွေမှာ ဘာတွေပါသလဲ"ဟု တစ်ကောင်ချင်းစီ ထောက်ပြမေးမြန်းပြီး ဆရာက သင်ပုန်းပေါ်တွင်ရေးပါ။
- ဆရာကအောက်ပါအချက်များကိုပြောပြပါ။ (နို့တိုက်သတ္တဝါ-ခြေလေးချောင်း၊ နားရွက် . . . . )ရှိသည်။
- လူ - (လက်နှစ်ဖက်၊ ခြေနှစ်ဖက်)
- (ဝေလငါးတွင် ခြေ၊ လက်မရှိပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။နို့တိုက်သတ္တဝါတစ်ကောင်ကို ပုံဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံဆွဲဆေးခြယ်ခြင်း (မိနစ် ၃၀)**

- မိမိနှစ်သက်ရာ နို့တိုက်သတ္တဝါတစ်ကောင်ကို ကားချပ်မှကြည့်၍ ပုံဆွဲပြီး ဆေးခြယ်ပါစေ။

**ဗုဒ္ဓဟူးနေ့**

**အသေးစိတ်သင်ယူမှုရလဒ်။** ။"ရ"ဗျည်းကိုအရစ်အဆွဲမှန်စွာရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ရ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးစေခြင်း(မိနစ် ၃၀)**

- ယခင်သင်ပြီးသည့် ဗျည်းအက္ခရာများရေးနည်းအတိုင်း ရေးပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။** ။ဗျည်းအက္ခရာများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဖုံးထားသော ဗျည်းအက္ခရာဖော်ထုတ်ကစားနည်းကစားခြင်း (မိနစ် ၃၀)**

- ဆရာက ဗျည်းကဗျာကားချပ်ပေါ်ရှိ ဗျည်းများထဲမှ သင်ခဲ့ပြီးသော ဗျည်း အက္ခရာအချို့ကို စက္ကူဖြင့်ဖုံး၍ကပ်ထားပါ။ မည့်သည့်ဗျည်းကို စက္ကူဖြင့် ကပ်ထားသည်ကို ကလေးများအား ခန့်မှန်းပြောပါစေ။ ကလေးများ၏ ခန့်မှန်းချက်မှန်/မမှန်ကို ကပ်ထားသော စက္ကူကို ခွာပြပါ။ အဖြေမှန်လျှင် လက်ခုပ်တီးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း 10 ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 10 ကို ရွတ်ဆိုခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွတ်ဆိုနည်းတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 10 ကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 10 ကို ရွေးချယ်ခြင်း (၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွေးချယ်နည်းအတိုင်း ရွေးချယ်ပါစေ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 10 ကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 10 ကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင် ထပ်ရေးနည်းအတိုင်း ထပ်ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 10 ကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 10 ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နို့တိုက်သတ္တဝါ၏ကိုယ်ခန္ဓာအစိတ်အပိုင်းများကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**မေး/ဖြေပြုလုပ်ခြင်း (မိနစ် ၃၀)**

- အောက်ပါမေးခွန်းများကိုသုံး၍ နို့တိုက်သတ္တဝါများ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများ မတူညီကြောင်း ပြောပါစေ။
- မတူညီသော နို့တိုက်သတ္တဝါနှစ်ကောင်၏ပုံကို ယှဉ်ပြပါ။ဥပမာ(ဆင်ရုပ်ပုံ၊ ကြောင်ရုပ်ပုံ)
- ထို့နောက်အောက်ပါမေးခွန်းများမေးပါ။
- ဒီသတ္တဝါနှစ်ကောင်ရဲ့ကိုယ်ခန္ဓာမှာ ဘာတွေတွေ့ရသလဲ။
- ဘာတွေတူသလဲ (ဥပမာ-ခြေလေးချောင်း၊အမြီး)
- ဘာတွေမတူသလဲ(ဆင်ကနှာမောင်းပါ၊ကြောင်ကမပါ၊ဆင်အမွေးမပါ၊ကြောင်ကအမွေးပါ)
- အထက်ပါအတိုင်း အခြားသတ္တဝါများနှင့်လည်း နှိုင်းယှဉ်ပြပြီး တူညီသော အစိတ်အပိုင်းနှင့် မတူညီသောအစိတ်အပိုင်းများကိုဆက်လက်၍မေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အရာဝတ္ထုများ၏ ရှည်ခြင်း၊ တိုခြင်းခွဲခြားပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ခန့်မှန်းခြင်း (၅ မိနစ်)**

- ဆရာက အတို၊ အရှည်မတူသော ခဲတံ ၂ ချောင်းကို ကလေးများ မြင်သာအောင်ပြ၍ မည်သည့်ခဲတံက တိုသည်၊ ရှည်သည်ကို ခန့်မှန်းပြောပါစေ။

**လက်တွေ့ပြုလုပ်ခြင်း (၁၅ မိနစ်)**

- ကလေးများကိုယ်တိုင် ၎င်းခဲတံ၂ချောင်းကို တိုင်းကြည့်ပြီး အရှည်၊ အတိုကို ခွဲခြားပါစေ။ ကလေး၂ဦးစီတွဲပါ။ ထိုကလေး ၂ ဦးစီသည် မိမိတို့၏ခဲတံ ၂ ချောင်းကို တိုင်းကြည့်ပြီး အရှည်၊ အတိုကို ခွဲခြားပါစေ။
- ထို့နောက် ကလေး(၃)ဦးစီတွဲပါ။ ၎င်းအုပ်စုအတွင်းမှအတိုဆုံး၊ အရှည်ဆုံးခဲတံများကို ခွဲခြားပါစေ။

**တိုင်းတာခြင်း (၁၀ မိနစ်)**

- စာသင်ခန်းတွင်းရှိ ပရိဘောဂများအား ၎င်းတို့၏ခဲတံနှင့် တိုင်းတာစေပြီး အတိုင်းအတာကို ပြောပါစေ။

(ဥပမာ-ဆရာ့စားပွဲကိုတိုင်းတာပါက ခဲတံဖြင့် (၁၀) ခါတိုင်းရသည်။)

အသေးစိတ်သင်ယူမှုရလဒ်။ ။စက္ကူခွေးရုပ်လေး ခေါက်တတ်ရန်။

လုပ်ငန်းစဉ်။ ။**အရုပ်ပြုလုပ်ခြင်း (မိနစ် ၃၀)**

- A4 စာရွက်တစ်ရွက်ကို စတုရန်းပုံစာရွက်ရအောင် အစွန်းမှခေါက်ပါ။

DBEBOX

- အပေါ်ပိုင်းမှ ပိုနေသော အပိုင်းကိုညှပ်ထုတ်လိုက်ပါ။ (တြိဂံပုံခေါက်ထားသော စတုရန်း စာရွက်ကို ရပါမည်။)
- အစွန်း(၂)ဖက်မှနောက်ထပ် တြိဂံနှစ်ခု ခေါက်လိုက်ပါ။ (ခွေးနားရွက်လေး(၂)ဖက် ရပါမည်။)
- အလယ်တွင် မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ကို ရေးဆွဲပါ။ ထို့နောက် ဆေးခြယ်ပါ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"န"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"န"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် ဗျည်းအက္ခရာများရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"န"ဗျည်းကိုအရစ်အဆွဲမှန်စွာရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**"န"ဗျည်းကို အရစ်အဆွဲမှန်စွာအစက်ချထားသော အက္ခရာပေါ်တွင် ရေးစေခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် ဗျည်းအက္ခရာများရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"န"ဗျည်းကိုအရစ်အဆွဲမှန်စွာရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**"န"ဗျည်းကို လေးကြောင်းမျဉ်းပေါ်တွင် အရစ်အဆွဲမှန်စွာရေးစေခြင်း (မိနစ် ၃၀)**

- ယခင်သင်ပြီးသည့် ဗျည်းအက္ခရာများရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။One, Two ကဗျာကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **One, Two ကဗျာကို ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- One, Two ကဗျာကို အမူအရာဖြင့် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 1 to 5 ကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း 1 to 5 ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (မိနစ် ၂၀)**

- ကလေးများကို အင်္ဂလိပ်ကိန်း 1 to 10 ကိန်း ကတ်ပြားများကြည့်၍ အသံထွက် မှန်ကန်စွာဖြင့် ရွတ်ဆိုပါစေ။
- ဆရာက သင်ပုန်းပေါ်တွင် အင်္ဂလိပ်ကိန်း 1 to 5 ကို အရစ်အဆွဲမှန်စွာဖြင့် ပထမဦးစွာ ရေးပြပါ။
- ကလေး (၅)ဦးကို အတန်းရှေ့သို့ ခေါ်ပါ။ ဆရာက အင်္ဂလိပ်ကိန်း 1 to 5 မှ ကိန်းတစ်ခုစီကိုရွတ်ဆိုပြီး ကလေးတစ်ဦးစီက သင်ပုန်းပေါ်တွင် ထိုကိန်းကို ရေးပါစေ။
- (ဥပမာ-ဆရာက အင်္ဂလိပ်ကိန်း 1 ဟု ရွတ်ဆိုပါက ကလေးက သင်ပုန်းပေါ်တွင် အင်္ဂလိပ်ကိန်း 1 ရေးပါစေ။)
- ထို့နောက် ကလေးများ၏ လေးကြောင်းမျဉ်းပေါ်တွင် အင်္ဂလိပ်ကိန်း 1 to 5 ကို ရေးပါစေ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။နို့တိုက်သတ္တဝါများ၏အသံနှင့်သွားလာလှုပ်ရှားပုံများကို ပြောပြတတ်ရန်။
လုပ်ငန်းစဉ်(၁)။ ။မေး/ဖြေပြုလုပ်ပြီး လက်တွေ့ပြုလုပ်ခြင်း (မိနစ် ၃၀)
- နို့တိုက်သတ္တဝါတစ်ကောင်၏အမည် (ဥပမာ - ကြောင်တစ်ကောင်၏အသံနှင့် သွားလာလှုပ်ရှားပုံကို မေးမြန်းပြီးလက်တွေ့ပြုလုပ်ပါစေ။ ဥပမာ-ကြောင်လေးတွေဘယ်လိုအော်သလဲ၊ ဘယ်လိုသွားသလဲ)
- ကျား၊ဆင်၊မျောက်၊ခွေး. . . . . စသည်ဖြင့် နို့တိုက်သတ္တဝါများ၏အသံနှင့် သွားလာလှုပ်ရှားပုံကို ကလေးများ နှစ်သက်သလိုပြုလုပ်ပါစေ။

လုပ်ငန်းစဉ်(၂) ။ ။ **ကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**
- "ဖြူဖွေးလှတဲ့ယုန်" ကဗျာရွတ်ဆိုပါ။

ဟိုခုန်သည်ခုန် တခုန်ခုန် (ဖြူဖွေးလှတဲ့ယုန်)[²]
ဟိုနေရာမှာလည်း တခုန်ခုန် ဒီနေရာမှာလည်း တခုန်ခုန်
ဟိုခုန်သည်ခုန် တခုန်ခုန် ဖြူဖွေးလှတဲ့ယုန်

**မေးဖြေပြုလုပ်ခြင်း (၂၀ မိနစ်)**
- ယုန်လေးကဘယ်လိုသွားသလဲ၊ ယုန်ကလေးအရောင်က ဘာအရောင်လဲ။ (ယုန်ကလေး၏ လှုပ်ရှားပုံ၊ အော်သံ၊ အရောင်)ကိုပြောပြပါစေ။
- ကလေးတို့ရော ဘယ်လိုသွားသလဲဟု မေးမြန်းပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဖြူဖွေးလှတဲ့ယုန်" ကဗျာရွတ်ဆိုတတ်ရန်။
လုပ်ငန်းစဉ်။ ။**ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**
- ဆရာက ဟန်အမူအရာဖြင့် ဦးစွာရွတ်ဆိုပြပါ။
- ကလေးများနှင့်ဆရာအတူ ရွတ်ဆိုပါ။
- ကလေးအားလုံးကို ရွတ်ဆိုပါစေ။
- ဖြူဖွေးလှသောယုန်ကဗျာ ရွတ်ဆိုပါ။
- (ယုန်ကလေး၏အရောင်၊သွားလာလှုပ်ရှားပုံ)ကို ဆွေးနွေးပါ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများကို အသံထွက်ရွတ်ဆိုတတ်ရန်။
လုပ်ငန်းစဉ်။ ။**"ကျောင်းနေစ" ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**
- ယခင်သင်ကြားပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဇ"ဗျည်းကို အရစ်အဆွဲမှန်စွာရေးဆွဲတတ်ရန်။
လုပ်ငန်းစဉ်။ ။**"ဇ"ဗျည်းကိုအရစ်အဆွဲမှန်စွာစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(၁၅မိနစ်)**
- ယခင်သင်ပြီးသည့် ဗျည်းအက္ခရာများရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဇ"ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးဆွဲတတ်ရန်။
လုပ်ငန်းစဉ်။ ။**"ဇ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးစေခြင်း(မိနစ်၃၀)**
- ယခင်သင်ပြီးသည့် ဗျည်းအက္ခရာများရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း 1 to 10 ကို ရွတ်ဆိုတတ်ရန်။
လုပ်ငန်းစဉ်။ ။ **အင်္ဂလိပ်ကိန်း 1 to 10 ကို အသံထွက်မှန်ကန်စွာဖြင့် ရွတ်ဆိုခြင်း (၅ မိနစ်)**
- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကိန်းများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 6 to 10 ကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း** 6 to 10 **ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (မိနစ် ၂၀)**

- ယခင်သင်ပြီးသည့်အင်္ဂလိပ်ကိန်းကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါ စေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အရာဝတ္ထုများ၏ကျဉ်းခြင်း၊ကျယ်ခြင်းကိုခွဲခြားပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ခန့်မှန်းခြင်း (၅ မိနစ်)**

- အဝ-အကျဉ်း၊ အကျယ်၊ အမြင့် မတူညီသော ဘူးနှစ်ခု ပလတ်စတစ်(သို့) စက္ကူဘူးကို ကလေးများအားပြ၍ မည်သည့်ဘူးသည် ကျယ်၍ မည်သည့်ဘူးသည် ကျဉ်းကြောင်း ခန့်မှန်းပါစေ။
- အဝကျယ်ဘူးထဲသို့ထည့်၍ရပြီး အဝကျဉ်းဘူးထဲသို့ ထည့်၍မရသော ပစ္စည်းတစ်ခု ကိုလည်း ကလေးများအားပြ၍ မည်သည့်ဘူးထဲသို့ထည့်၍ရနိုင်ကြောင်း ခန့်မှန်းပါစေ။

**လက်တွေ့တိုင်းတာခြင်း (မိနစ် ၂၀)**

- ထို့နောက် ကလေးတစ်ဦးအား အတန်းရှေ့သို့ထွက်၍ထိုပစ္စည်းကိုထည့်ခိုင်းပါ။
- ဤနည်းအတိုင်းကလေး(၃)ဦးအား ပြုလုပ်ပါစေ။
- ဘူးနှစ်ခု၏ အဝအကျယ်နှင့်အမြင့်ကို နှစ်သက်ရာပစ္စည်းဖြင့် တိုင်းပါစေ။
- ဤနည်းအတိုင်းကလေး(၃)ဦးအားပြုလုပ်ပါစေ။
- မည်သည့်ဘူးကကျဉ်းပြီး၊ မည်သည့်ဘူးက ကျယ်ကြောင်း ဆုံးဖြတ်ပါစေ။
- စာသင်ခန်းရှိပစ္စည်းများအား ကလေးနှစ်ယောက်တစ်တွဲစီတွဲကာ ကျဉ်းသော ပစ္စည်းနှင့် ကျယ်သော ပစ္စည်းများကို ခွဲခြားကာ အတန်းသို့ပြန်ပြောပါစေ။

**ကဗျာရွတ်ဆိုခြင်း (၅ မိနစ်)**

- အကျဉ်း၊အကျယ်ကဗျာကိုကိုယ်ဟန်အမူအရာဖြင့် ရွတ်ဆိုပါစေ။

**"အကျဉ်း၊ အကျယ်"**

စမ်းချောင်းကလေးကျဉ်းလှတယ်
မြစ်လောက်သူမကျယ်
ပင်လယ်ကြီးက အကျယ်ဆုံး
လှိုင်းတွေ တဝုန်းဝုန်း

- အကျဉ်း၊ အကျယ်ကဗျာပါ စမ်းချောင်း၊ မြစ်၊ ပင်လယ်တို့ကို(၂) ခုစီနှိုင်းယှဉ်၍ အကျဉ်း၊ အကျယ်ကို မေးမြန်းပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နို့တိုက်သတ္တဝါများ၏အသံနှင့်သွားလာလှုပ်ရှားပုံများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ကစားခြင်း (မိနစ် ၃၀)**

**"မှော်ဆရာကြီး"**

- မှော်ဆရာကြီး၊မှော်ဆရာကြီးအစွမ်းထက်တဲ့ မှော်ဆရာကြီး၊ ကြိမ်လုံးလေးနဲ့ တို့တိုင်းသာ၊ လိုရာဖြစ်ပေါ်လာ၊ တို့လိုရာတိုင်းသာ အကုန်ရ၊ အားလုံး ပျော်တယ်ဗျ။
- ဆရာက ဦးစွာ "မှော်ဆရာကြီး" ကဗျာကိုရွတ်ပြ၍ မှော်ဆရာကြီးကဗျာပါ အကြောင်း အရာကို ဆရာက ဦးစွာရှင်းပြပါ။

- ကစားနည်းဖြင့်နို့တိုက်သတ္တဝါများ၏ အသံနှင့် သွားလာလှုပ်ရှားပုံကို ဖော်ပြပါစေ။
- ကလေးတစ်ဦးကို မှော်ဆရာအဖြစ်ရွေးချယ်လိုက်ပါ။
- မှော်ဆရာက အခန်းထဲလှည့်ပတ်လျှောက်ရပါမည်။
- ထိုအခါ ဆရာနှင့် ကျန်တဲ့ကလေးတွေက "မှော်ဆရာကြီး" ကဗျာကို သံပြိုင် ရွတ်ဆိုပါစေ။
- သီချင်းပြီးသောအခါ မှော်ဆရာလုပ်သော ကလေးက လက်ထဲက ကြိမ်လုံးဖြင့် ကလေးတစ်ဦးဦးကိုတို့ပြီး "ခွေးကလေး"ဖြစ်စေလို့ ပြောရပါမည်။ (ကြိုက်နှစ်သက်ရာနို့တိုက်သတ္တဝါကို ရွေးနိုင်ပါသည်၊ အော်သံကိုပါထည့်၍အော်ခိုင်းပါ။)
- ခွေးကလေးဖြစ်သွားသောကလေးကိုခွေးအသံနှင့်ခွေးသွားလာလှုပ်ရှားပုံကိုလုပ်ပြပါစေ။
- ကျန်ကလေးများက လက်ခုပ်တီး၍အားပေးပါစေ။
- ထို့နောက်"ခွေးကလေး"က မှော်ဆရာဖြစ်ပြီး အထက်ပါအတိုင်း ဆက်လက်ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နှစ်သက်ရာနို့တိုက်သတ္တဝါတစ်ကောင်ကိုပုံဆွဲဆေးခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ **။ပုံဆွဲဆေးခြယ်ခြင်း (မိနစ် ၃၀)**

- နှစ်သက်ရာနို့တိုက်သတ္တဝါတစ်ကောင်ကိုစိတ်ကူးဖြင့်ပုံဖော်၍ရေးဆွဲဆေးခြယ်ပါစေ။

## ဒုတိယပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဒ"ဗျည်း၏ အသံနှင့်အမည်များရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဒ"ဗျည်းကိုအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်ဗျည်းအက္ခရာများ အသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဒ"ဗျည်းကိုအရစ်အဆွဲမှန်စွာရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဒ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၃၀)**

- ယခင်သင်ပြီးသည့်ဗျည်းအက္ခရာများရေးနည်းအတိုင်း ရေးဆွဲပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုနားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ **။"စကားနည်း၍အလုပ်လုပ်သောပင့်ကူလေး"(ပုံပြင်)ကိုဆရာကဖတ်ပြခြင်း(၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်ပုံပြင်ဖတ်ပြခြင်းနည်းအတိုင်း ဖတ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။A,B,C,D သီချင်းကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **A,B,C,D သီချင်းကို သီဆိုခြင်း (၁၀ မိနစ်)**

- A,B,C,D သီချင်းကို စိတ်ကြိုက် အမူအရာဖြင့် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ A to Z ထိအက္ခရာများကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ A to Z **ထိအက္ခရာများကို လေးကြောင်းမျဉ်းတွင် ရေးခြင်း (မိနစ် ၂၀)**

- လေးကြောင်းမျဉ်းတွင်A to Z အထိ အက္ခရာများကို ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နို့တိုက်သတ္တဝါများ၏ အစားအစာများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။မေး/ဖြေပြုလုပ်ခြင်း (၅ မိနစ်)**

- ကလေးများအားအောက်ပါမေးခွန်းများဖြင့်မေး/ဖြေပြုလုပ်ပါ။



DBE BOX

- ခွေး၊ကြောင် ---တွေကို ဘာကျွေးသလဲ။ သူတို့ဘာတွေစားကြလဲ။
- ကလေးတို့ရော ဘာတွေစားခဲ့သလဲ။

**ကစားခြင်း (၂၅ မိနစ်)**

- ဆရာက အသီးအရွက်စား၊အသားစား၊ အစုံစား(အသီးအရွက်နှင့်အသားစား) ဟု ရေးထားသော ရုပ်ပုံပါ စာတန်း(၃)ခုကိုတစ်နေရာစီခွဲ၍ ကပ်ထားပါ။ ကလေးများအား ကြိုက်နှစ်သက်ရာနို့တိုက်သတ္တဝါ(၁)ကောင်၏အမည်နှင့် သူစားသော အစားအစာကို စဉ်းစားထားပြီး သက်ဆိုင်ရာနေရာများတွင် ရပ်ပါစေ။

ဥပမာ (နွားဟုစဉ်းစားထားပါက အသီးအရွက်စားသော နေရာတွင် ရပ်ပါ။)

- သက်ဆိုင်ရာနေရာအသီးသီးတွင်ရပ်နေသော ကလေးများကို မိမိရွေးချယ်ထားသော သတ္တဝါအမည်နှင့် စားသော အစားအစာကို ပြောပါစေ။

ထိုနောက် ဆရာက " လူ" ဆိုရင် ဘယ်နေရာမှာသွားရပ်မလဲဟုမေးပါ။ (ဥပမာ လူ အစုံစားသတ္တဝါ)

အသေးစိတ်သင်ယူမှုရလဒ်။ ။အရာဝတ္ထုများ၏ပေါ့ခြင်း၊ လေးခြင်းကို ခွဲခြားပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ခန့်မှန်းခြင်း (၁၀ မိနစ်)**

- ဆရာက အလေး၊အပေါ့မတူသော ပစ္စည်း ၂ ခုကို ကလေးများမြင်သာအောင် ပြ၍ မည်သည့်ပစ္စည်းက လေးသည်၊ ပေါ့သည် ထိုခန့်မှန်းချက်ပြောပါစေ။
- ၎င်းပစ္စည်း ၂ ခုကို ကလေးများ ကိုယ်တိုင်ကိုင်တွယ်၍ အလေး၊ အပေါ့ကို ခန့်မှန်း ပြောပါစေ။

**ချိန်တွယ်ခြင်း (မိနစ် ၂၀)**

- ၎င်းပစ္စည်းနှစ်ခုကိုချိန်ခွင်ခွက်၌တစ်ဖက်တစ်ချက်စီထည့်၍ ချိန်တွယ်ပြပြီး မည့်သည့် ပစ္စည်းက လေးသည်၊ ပေါ့သည်ကို ဆုံးဖြတ်ပါစေ။
- စာသင်ခန်းတွင်းရှိ ပစ္စည်း၂ခုကို ရွေးချယ်ကိုင်တွယ်၍ မည်သည့်ပစ္စည်းက လေးသည်၊ ပေါ့သည်ကို ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နှစ်သက်ရာသတ္တဝါများ၏အစားအစာတစ်မျိုးကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံဆွဲဆေးခြယ်ခြင်း (မိနစ် ၃၀)**

- နှစ်သက်ရာသတ္တဝါများ အစားအစာတစ်မျိုးကိုပုံကြည့်၍ ရေးဆွဲဆေးခြယ်ပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဒ"ဗျည်းကိုအရစ်အဆွဲမှန်စွာရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။"ဒ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးစေခြင်း(မိနစ် ၃၀)

- ယခင်သင်ပြီးသည့်ဗျည်းအက္ခရာများရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုနားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"စကားနည်း၍အလုပ်လုပ်သောပင့်ကူလေး"(ပုံပြင်)ကိုဆရာကဖတ်ပြခြင်း(၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်ပုံပြင်ကို ဆရာက ဖတ်ပြခြင်းနည်းအတိုင်း ဖတ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းအက္ခရာများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဖုံးထားသော ဗျည်းအက္ခရာဖော်ထုတ်ကစားနည်းကစားခြင်း (၁၅ မိနစ်)**

- ယခင်သင်ခဲ့ပြီးသော ဗျည်းအက္ခရာဖော်ထုတ်ကစားနည်းအတိုင်း ပြုလုပ်ပါ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ A to Z ထိအက္ခရာများကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **A to Z ထိအက္ခရာများကို လေးကြောင်းမျဉ်းတွင် ရေးခြင်း (မိနစ် ၂၀)**

- လေးကြောင်းမျဉ်းတွင် A to Z အထိ အက္ခရာများကို ရေးပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။ အက္ခရာအမည်များကို ပြောပြတတ်ရန်။**

**လုပ်ငန်းစဉ်။ ။အက္ခရာများကို ငါးမျှားကစားခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အက္ခရာများကို ငါးမျှားကစားနည်းအတိုင်း ကစားပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။နို့တိုက်သတ္တဝါမှရရှိသောအစားအစာ၊အသုံးအဆောင်နှင့်အသုံးဝင်ပုံများကိုပြောပြတတ်စေရန်။**

လုပ်ငန်းစဉ်(၁) ။ ။**ပဲပဲ၊ သိုးမည်း ကဗျာရွတ်ဆိုခြင်း (မိနစ် ၂၀)**

- (ပဲပဲ၊ သိုးမည်း၊ သိုးမွေးရှိပါသလား၊ ဟုတ်ကဲ့ ဟုတ်ကဲ့ သုံးအိတ်အပြည့်ဗျ၊ တစ်အိတ်က ဆရာဖို့၊ တစ်အိတ်ကဆရာမဖို့၊ ကျန်တစ်အိတ်ကလူကလေး၊ လမ်းကြားထဲ ကလေး)
- **အမေး/ဖြေပြုလုပ်ခြင်း (၁၀ မိနစ်)**
  ကဗျာပါအကြောင်းအရာကို အမေးအဖြေပြုလုပ်ပါစေ။
- (သိုးရဲ့ကိုယ်ပေါ်မှာ ဘာနဲ့ဖုံးအုပ်ထားသလဲ၊ အဲဒီသိုးမွေးတွေကို ဘာလုပ်လို့ရသလဲ) ဟု မေးခွန်းမေး၍ ကလေးများကိုဖြေပါစေ။

လုပ်ငန်းစဉ်(၂)။ ။**အမေး/ဖြေပြုလုပ်ခြင်း (မိနစ် ၃၀)**

- နို့တိုက်သတ္တဝါမှရရှိသော အစားအစာ၊ အသုံးအဆောင်နှင့် အသုံးဝင်ပုံကို ဆရာမက နမူနာတစ်ခုပြောပြပါ။
- နွား- နွားက မည်သည့်အစားအစာများရသလဲ (နွားနို့)
- နွားက ဘယ်လို အသုံးဝင်သလဲ (လယ်ထွန် ၊ လှည်းဆွဲ. . .)
- နွားအတွက်လူတွေကဘာလုပ်ပေးသလဲ (အစာကျွေး၊နေစရာဆောက်ပေး. . )
- ခွေးကလူအတွက်ဘာတွေလုပ်ပေးသလဲ။ (အိမ်စောင့် . . .)
  အထက်ပါနည်းအတိုင်း အခြားသော နို့တိုက်သတ္တဝါများကိုလည်း မေးမြန်းပါ။ (ခွေး၊ ကြောင်၊ ဆင် . . . .)

အသေးစိတ်သင်ယူမှုရလဒ်။ ။"မြင်းကြီးစီးမယ်" ကဗျာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ဆရာက ဟန်အမူအရာဖြင့်ဦးစွာ ရွတ်ဆိုပြပါ။
- ကလေးများနှင့်ဆရာအတူရွတ်ဆိုပါ။
- ကလေးအားလုံးကိုရွတ်ဆိုပါစေ။

**"မြင်းကြီးစီးမယ်"**

(လာပြီကိုကို ၊ မမမြင်းကြီးစီးကာမြင်းဝကြီးကို စီးလို့လာ)[၂]
ဒါကို သူက လုပ်ပြတယ်
(ဘေးချင်း)[၄] တိုက်လို့ရယ်
(ရှေ့ချင်း)[၄] နီးလို့ရယ်
(ကျောချင်း)[၄] ကပ်လို့ရပ်
ဒါကို သူက လုပ်ပြတယ်

- (မြင်း၏သွားလာလှုပ်ရှားဟန်ကို ဆွေးနွေးပါ။)



DBE Box

ဗုဒ္ဓဟူးနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။"အ"ဗျည်း၏ အသံနှင့်အမည်များရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"အ"ဗျည်းကိုအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် ဗျည်းအက္ခရာများ အသံနှင့် အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"အ"ဗျည်းကိုအရစ်အဆွဲမှန်စွာ ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**"အ"ဗျည်းအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၃၀)**

- ယခင်သင်ပြီးသည့်ဗျည်းအက္ခရာများရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာများကိုအမူအရာဖြင့်မှန်ကန်သွက်လက်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ညောင်ဝေါင် ညောင်ဝေါင်"(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ကဗျာသင်နည်းအဆင့်များအတိုင်းအဆင့်များအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အင်္ဂလိပ်ကိန်း 1 to 10 အမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း** 1 to 10 **ကို တစ်ပတ် ပတ်ပြေးကစားနည်းကစားခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် တစ်ပတ် ပတ်ပြေးကစားနည်းအတိုင်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 1 to 10 ကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း** 1 to 10 **ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (မိနစ် ၂၀)**

- ယခင်သင်ပြီးသည့်အင်္ဂလိပ်ကိန်းကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အရာဝတ္ထုများ၏ လေးခြင်း၊ ပေါ့ခြင်းကို ခွဲခြားပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ခန့်မှန်းခြင်း (မိနစ် ၂၀)**

- ဆရာက အလေး၊ အပေါ့မတူသော ပစ္စည်း(၃)ခုကို ကလေးများ မြင်သာအောင်ပြ၍ မည်သည့်ပစ္စည်းက အလေးဆုံး၊ မည်သည့်ပစ္စည်းက အပေါ့ဆုံးဖြစ်သည်ကို ကလေးများအား ခန့်မှန်းပြောပါစေ။ (တစ်တန်းလုံး)
- ကလေးများကိုယ်တိုင် ၎င်းပစ္စည်း ၃ ခုကို ကိုင်တွယ်၍ ပေါ့ခြင်း၊ လေးခြင်းကို ခံစားသိရှိပါစေ။ (တစ်ဦးချင်း)
- ထို့နောက် မည်သည့် ပစ္စည်းက အလေးဆုံး၊ အပေါ့ဆုံး ဖြစ်သည်ကို ပြန်လည်ပြောပြပါစေ။
- **လက်တွေ့ချိန်တွယ်ခြင်း (၁၀ မိနစ်)**
- ထို့နောက် ၎င်းပစ္စည်းများမှနှစ်ခုစီကိုချိန်ခွင်ဖြင့်ထည့်၍ချိန်တွယ်ပြီး မည်သည့်ပစ္စည်းက အလေးဆုံး၊ အပေါ့ဆုံးကိုပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နို့တိုက်သတ္တဝါများ၏နေထိုင်ရာနေရာများကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **နို့တိုက်သတ္တဝါများ၏နေထိုင်ရာနေရာများကိုမေး/ဖြေ ပြုလုပ်ခြင်း (၅ မိနစ်)**

- (ခွေး၊ကြောင်၊ကျား.....)စသဖြင့် နို့တိုက်သတ္တဝါများ၏ နေထိုင်ရာ နေရာများကို အောက်ပါမေးခွန်းများ မေး၍ ပြောပါစေ။
- ခွေးလေးတွေ ဘယ်မှာနေသလဲ။ ဆင်ကြီးကရော ဘယ်မှာနေသလဲ။



DBE BOX

(ဥပမာ-ခွေး - အိမ်။ ဆင်- တိရစ္ဆာန်ရုံ၊ တောထဲ . . .)

- **ကစားခြင်း (၂၅ မိနစ်)**
- ဆရာက **အိမ်၊** တောတောင်၊ လယ်ကွင်း ဟုရေးထားသော ရုပ်ပုံပါစာတန်း (၃)ခုကို **တစ်နေရာစီခွဲ၍** ကပ်ထားပါ။ ကလေးများအား ကြိုက်နှစ်သက်ရာ နို့တိုက်သတ္တဝါ (၁)ကောင်၏ **အမည်နှင့်** သူတို့နေသော နေရာကို စဉ်းစား၍ သက်ဆိုင်ရာနေရာ များတွင် ရပ်ပါစေ။ ဥပမာ(နွားဟုစဉ်းစားထားပါက လယ်ကွင်း(သို့) အိမ်ရုပ်ပုံစာတန်း ကပ်ထားသော နေရာတွင်ရပ်ပါ။ သက်ဆိုင်ရာနေရာ အသီးသီးတွင်ရပ်နေသော ကလေး များကိုမိမိတို့ရွေးချယ်ထားသောသတ္တဝါ၏ အမည်ကိုပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နှစ်သက်ရာ နို့တိုက်သတ္တဝါမှရရှိသော အသုံးအဆောင်ပစ္စည်းကို ပုံဆွဲ **တတ်ရန်။**

လုပ်ငန်းစဉ်။ ။**ပုံဆွဲဆေးခြယ်ခြင်း (မိနစ် ၃၀)**

- နှစ်သက်ရာ နို့တိုက်သတ္တဝါတစ်ကောင်မှရရှိသော အသုံးအဆောင်ပစ္စည်း တစ်မျိုးမျိုးကို ပုံဆွဲပြီး ဆေးခြယ်ပါစေ။

(ဥပမာ-နွား- နွားနို့-ခွက်/နွားနို့ပုလင်း၊ သိုး- သိုးမွေး၊ ဦးထုပ် . . .)

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ည"ဗျည်း၏ အသံနှင့်အမည်များရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ည"ဗျည်းကိုအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်ဗျည်းအက္ခရာများ အသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ည"ဗျည်းကိုအရစ်အဆွဲမှန်စွာရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ည"ဗျည်းအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ် ၃၀)**

- ယခင်သင်ပြီးသည့်ဗျည်းအက္ခရာများရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါထပ်ကျော့စကားလုံးများကိုဖတ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"စကားနည်း၍အလုပ်လုပ်သောပင့်ကူလေး"(ပုံပြင်)ကိုဆရာနှင့်အတူဖတ်ခြင်း(၁၅မိနစ်)**

- ယခင်သင်ပြီးသည့် ပုံပြင်ကိုဆရာနှင့်အတူဖတ်ခြင်းအတိုင်းဖတ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ One, Two ကဗျာကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။One, Two **ကဗျာကို ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- One, Two ကဗျာကို အမူအရာဖြင့် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အင်္ဂလိပ်ကိန်း 1 to 10 ကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**အင်္ဂလိပ်ကိန်း** 1 to 10 **ကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (မိနစ် ၂၀)**

- ယခင်သင်ပြီးသည့်အင်္ဂလိပ်ကိန်းကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နို့တိုက်သတ္တဝါများအကြောင်းပြောပြတတ်စေရန်။

လုပ်ငန်းစဉ်။ ။ပဟေဠိဖွက်ခြင်း (မိနစ် ၃၀)

- နို့တိုက်သတ္တဝါများအကြောင်းကိုပဟေဠိဖွက်၍မေး၊ဖြေ ပြုလုပ်ပါစေ။
- ကလေးများအားအုပ်စု(၂)စု ဖွဲ့ပါ။
- တစ်စုက ပဟေဠိဖွက်ပြီး ကျန်တစ်စုက အဖြေပေးရပါမည်။
- မေးသူနှင့်ဖြေသူ အလှည့်ကျလုပ်ရမည်ဖြစ်ကြောင်း ပြောပြပါ။
- ပဟေဠိဖွက်ရန် ကလေးများသိသော နို့တိုက်သတ္တဝါများအကြောင်းစဉ်းစားရန် အချိန်ပေးပါ။
- ဆရာက နမူနာ ပဟေဠိဖွက်ပြပါ။
- ဥပမာ- ခြေလေးချောင်းရှိတယ်၊ သူ့အမွေးတွေနဲ့အကျီလုပ်တယ် သူအော်ရင် "ပဲပဲ"လို့ အော်တယ်၊ ဘာကောင်လဲ -(သိုး)
- ခြေလေးချောင်းရှိတယ်၊ သခင်လာရင်ပြေးကြိုတယ်၊ "ဝုတ်ဝုတ်"လို့ အော်တယ်၊ ဘာကောင်လဲ။ (ခွေး)စသည်ဖြင့် နို့တိုက်သတ္တဝါများကို ပဟေဠိဖွက်၍ မေး/ဖြေ ပြုလုပ်ပါစေ။
- ကလေးများအတွက် ပဟေဠိကိုစဉ်းစားရန်ခက်ခဲပါက ဆရာကဦးဆောင်၍ပြောပြီး ကလေးများက သတ္တဝါများ၏အမည်များကို ဖြေပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။သတ္တဝါများအပေါ်သနားညှာတာ တန်ဖိုးထားသင့်ကြောင်း ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ဖြစ်ရပ်ပြော၍ဆွေးနွေးခြင်း (မိနစ် ၃၀)**

- အောက်ပါဖြစ်ရပ်ကိုဆရာကဖတ်ပြပါ။
- မောင်မောင်လမ်းလျှောက်လာတယ်။ အဲဒီအချိန်မှာ အော်ခေါ်သံကြားလိုက်ရတယ်။ (ကူညီပါဦး)၊ ဟောစုစုနဲ့ ကျော်ကျော်ရဲ့ အော်သံပဲ၊ ဘာဖြစ်နေလဲဆိုတာ သွားကြည့်ဦး မှပဲလို့ပြောပြီး မောင်မောင်သွားကြည့်လိုက်တော့ ခွေးလေးတစ်ကောင် ကျင်းထဲကျနေတာကို တွေ့ရတယ်။ "ဦးဦးမောင်. . . ကူပါဦး၊ စုစုခွေးလေး တွင်းထဲကျသွားတယ်၊ သူနာလို့ အော်နေတယ်၊ ကူပြီး ခွေးလေးကို မြေကြီးပေါ်ကို တင်ပေးပါဦး"လို့ စုစုက ပြောလိုက်တယ်။ "အေးမပူနဲ့၊ ဦးမောင် ယူပေးမယ်"လို့ မောင်မောင်က ပြောလိုက်ပြီး ခွေးလေးကို ကျင်းထဲက ယူပြီး မြေကြီးပေါ်ကို တင်ပေးလိုက်တယ်။ စုစုက ခွေးလေးကို ပွေ့ပြီး ကျော်ကျော်နှင့်အတူ အိမ်ကိုပျော်ရွှင်စွာ ပြန်သွားကြတယ်။
- အထက်ပါဖြစ်ရပ်ကို ပြောပြီးပါက အောက်ပါမေးခွန်းများကို မေးပါ။
- စုစုရဲ့ခွေးလေး ဘယ်ထဲကျသွားသလဲ။ ဘယ်သူတွေက အကူအညီတောင်းသလဲ။
- ခွေးလေးကို ဘယ်သူကျင်းထဲက ယူပေးသလဲ။ ဘာဖြစ်လို့ ကျင်းထဲက ယူပေးရတာလဲ။
- ခွေးလေးကရော လူတွေကို ဘာလုပ်ပေးသလဲ (အိမ်စောင့်)
- ဆရာက (တိရစ္ဆာန်များက မိမိတို့အားကူညီ၍ တိရစ္ဆာန်များထံမှ အစားအစာရရှိပြီး အသုံးဝင်သဖြင့် မိမိတို့ကလည်း တိရစ္ဆာန်များအပေါ် သနားကြင်နာတန်ဖိုးထားသင့်ကြောင်း ရှင်းပြပါ။)

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်၊ ။"ရှာငယ်ဇနပုဒ်" ကဗျာကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ဆရာက ဟန်အမူအရာဖြင့်ဦးစွာ ရွတ်ဆိုပြပါ။
- ကလေးများနှင့်ဆရာအတူရွတ်ဆိုပါ။
- ကလေးအားလုံးကိုရွတ်ဆိုပါစေ။

**"ရှာငယ်ဇနပုဒ်"**

ရှာငယ်ဇနပုဒ်၊ မီးကလေးမှိတ်တုတ်
ကျဲ၊ နွား၊ ခွေး၊ ဆိတ်မြည်သံ
(ဟိုကလည်း ဝုတ်ဝုတ်၊ ဒီကလည်း ဝုတ်ဝုတ်
ဟိုက ဝုတ်၊ ဒီက ဝုတ် ........ ဝုတ်ဝုတ်ဝုတ်)

- ဒုင်းအပိုဒ်တွင်တိရစ္ဆာန်အသံများကိုထည့်သွင်း၍သီဆိုနိုင်ပါသည်။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများ၏ အသံနှင့်အမည်များရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဗျည်း(၃၃)လုံးကိုအသံနှင့်အမည်ရွတ်ဆိုခြင်း၊ကျပန်းထောက်၍မေးခြင်း (၁၅ မိနစ်)**

- ကလေးများအား ဗျည်းအက္ခရာကတ်ပြားများဝေပေးပါ။
- မိမိတို့ရရှိထားသော ဗျည်းအသံနှင့်အမည်များကို ပြောပါစေ။
- ဆရာကသင်ပုန်းပေါ်တွင် ဗျည်းအက္ခရာ(၃၃)လုံးကို ထင်ရှားစွာရေးထားပါ။ (သို့မဟုတ်) ဗျည်းအက္ခရာများရေးထားသောကားချပ်ကိုချိတ်ထားပါ။
- ထို့နောက်ဆရာကသင်ပုန်းပေါ်ရှိ ဗျည်းအက္ခရာစာလုံးများကို ကျပန်းထောက်၍ ကလေးများအား မေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"အ"နှင့်"ည"ဗျည်းကိုအရစ်အဆွဲမှန်စွာရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**"အ"နှင့်"ည"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးစေခြင်း(မိနစ်၃၀)**

- ယခင်သင်ပြီးသည့်ဗျည်းအက္ခရာများရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာများကိုအမူအရာဖြင့်မှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။"ညောင်ဝေါင် ညောင်ဝေါင်"(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)

- ယခင်သင်ကြားခဲ့ပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ A,B,C **အက္ခရာ ဘင်ဂိုကစားခြင်း (၁၀ မိနစ်)**

- ယခင်သင်ပြီးသည့် အက္ခရာဘင်ဂိုကစားနည်းတိုင်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ A to Z ထိအက္ခရာများကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ A to Z **ထိအက္ခရာများကို လေးကြောင်းမျဉ်းတွင် ရေးခြင်း (မိနစ် ၂၀)**

- A to Z ထိ ရေးထားသော ကားချပ်ကို အတန်းရှေ့တွင် ချိတ်ဆွဲထားပါ။



DBE BOX

- ဆရာက အက္ခရာတစ်လုံးချင်းစီကို ထောက်ပြ၍ ကလေးများအား အသံထွက် မှန်စွာ ရွတ်ပါစေ။
- ကလေးများအား လေးကြောင်းမျဉ်းတွင် A to Z အထိ အက္ခရာများကို ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။တိရစ္ဆာန်များအပေါ် သနားညှာတာတန်ဖိုးထားသင့်ကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**လုပ်သင့်/မလုပ်သင့် ကစားခြင်း (မိနစ် ၃၀)**

- ဆရာကအောက်ပါအကြောင်းအရာများကို ရွတ်ဆိုပါ။လုပ်ရမည့်အချက်ဆိုလျှင် ကလေးများ၏ လက်ကို မြှောက်ပြပါစေ၊ မလုပ်သင့်သည့် အချက်ဖြစ်လျှင် လက်မမြှောက်ရပါ။
- ကြောင်လေးကိုအစာကျွေးတယ်
- လှောင်အိမ်ထဲကခြင်္သေ့အမြီးကိုဆွဲတယ်
- မျောက်ကိုအစာကျွေးတယ်
- နွားကိုရိုက်တယ်
- ခွေးကိုကန်တယ်
- ဆရာက အထက်ပါအတိုင်း ကျန်ရှိသော နို့တိုက်သတ္တဝါများကိုလည်း အစားထိုး ပြောနိုင်သည်။
- ဆရာက(တိရစ္ဆာန်များကိုမစသင့်၊ မနှိပ်စက်သင့်ကြောင်း၊ တန်ဖိုးထားသင့်ကြောင်း၊ သနားကြင်နာ၍ စောင့်ရှောက်သင့်ကြောင်းနှင့် တိရစ္ဆာန်များနှင့်နီးကပ်စွာနေပါက လူကို အန္တရာယ်ပြုနိုင်ကြောင်းကို ရှင်းပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အရည်၏ထုထည်အနည်း/အများကိုခွဲခြားပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ခန့်မှန်းခြင်း(၁၀ မိနစ်)**

- မတူညီသောပုလင်း(သို့) ခွက်(သို့) ဘူး(၂)ခုတွင် ရေထည့်ထားပါ။ "မည်သည့်ခွက်ထဲရှိ ရေကနည်းပြီး၊မည်သည့်ခွက်ရှိရေကများ"ကြောင်းခန့်မှန်းပါစေ။

**တိုင်းတာခြင်း (မိနစ် ၂၀)**

- ခွက်(၂)ခုအနက်တစ်ခုမှ ရေကိုအခြားပုလင်းတစ်ခုသို့ဖြည့်ပါ။ ရေရောက်ရှိသည့်နေရာကို ပုလင်းတွင်အမှတ်သားပြုလုပ်ပါ။ ထို့နောက် ၎င်းရေကို မူလခွက်သို့ပြန်ထည့်ပါ။
- အထက်ပါအတိုင်း ကျန်ခွက်တစ်ခွက်တွင် ထည့်ထားသောရေကို ၎င်းပုလင်းထဲသို့ ထည့်ပါ။ ရေရောက်ရှိသည့်နေရာကို ပုလင်းတွင် အမှတ်အသား ထပ်မံပြုလုပ်ပါ။
- အမှတ်အသား၂ခု၏ အနိမ့်၊ အမြင့်နေရာကိုကြည့်၍ မည်သည့်ခွက်ထဲက ရေက များကြောင်း၊ နည်းကြောင်း ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရုပ်ပုံများကိုကြည့်၍အမူအရာဖြင့်ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။**ပုံပြင်ဖန်တီးပြောစေခြင်း (မိနစ် ၃၀)**

- သင်ခန်းစာအစမှအဆုံးရေးဆွဲခဲ့သောရုပ်ပုံများကိုစုစည်းပါ။
- ရုပ်ပုံပါအကြောင်းအရာများကိုနှစ်သက်သလိုအမူအရာဖြင့်ပြောပြပါစေ။


နည်းယူစရာစုံစုံလင် တို့ကျောင်းခန်းတွင်း အပြင်အဆင်
လက်ချောင်းကြွက်သားများ
သန်မာရန် ကစားနိုင်သောနေရာ
တည်ဆောက်ကစားရန်
နေရာ
အတုယူ
ကစားရန်နေရာ
ရေချိုးခန်း၊ သန့်စင်ခန်းများ
လက်မှုအနုပညာ(ပန်းချီ)များ
ဖန်တီးနိုင်သောနေရာ
ဉာဏ်ရည်ကစားရန်နေရာ
စာအုပ်များကြည့်ရန်
နေရာ
တူရိယာပစ္စည်းများဖြင့်
ကစားရန်နေရာ
သန့်စင်ခန်း
ပုံစံနမူနာ


နည်းယူစရာစုံစုံလင် တို့ကျောင်းဝင်း အပြင်အဆင်
ရွေ့ပြောင်းကစားနိုင်သောနေရာများ
ရေကစားရန်နေရာ
သဲကစားရန်
နေရာ
ရွေ့ပြောင်းကစားနိုင်သော
နေရာများ
လှုပ်ရှားကစားနိုင်သောနေရာများ



နည်းယူစရာစုံစုံလင် တို့ကျောင်းခန်းတွင်း အပြင်အဆင်
လက်ချောင်းကြွက်သားများ
သန်မာရန် ကစားနိုင်သောနေရာ
တည်ဆောက်ကစားရန်
နေရာ
အတုယူ
ကစားရန်နေရာ
ရေချိုးခန်း၊ သန့်စင်ခန်းများ
လက်မှုအနုပညာ(ပန်းချီ)များ
ဖန်တီးနိုင်သောနေရာ
ဉာဏ်ရည်ကစားရန်နေရာ
စာအုပ်များကြည့်ရန်
နေရာ
တူရိယာပစ္စည်းများဖြင့်
ကစားရန်နေရာ
သန့်စင်ခန်း
ပုံစံနမူနာ




နည်းယူစရာစုံစုံလင် တို့ကျောင်းဝင်း အပြင်အဆင်
ရွေ့ပြောင်းကစားနိုင်သောနေရာများ
ရေကစားရန်နေရာ
သဲကစားရန်
နေရာ
ရွေ့ပြောင်းကစားနိုင်သော
နေရာများ
လှုပ်ရှားကစားနိုင်သောနေရာများ